**အနာဂတ်မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်**
**အရေးပါသည့်အော်ဂဲနစ်ဆေးဖက်ဝင်စိုက်ခင်း**

စောလှထူးကျော်
မွန်ပြည်နယ်

စာတမ်းရှင်သည် အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် ကဏ္ဍတစ်ရပ်တွင် ပါဝင်သည့် အော်ဂဲနစ်ဆေးဖက်ဝင်စိုက်ခင်းများ ပေါ်ပေါက်လာရေးအတွက် တစ်နိုင်တစ်ပိုင် အဆင့်မှသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သင့်ကြောင်းနှင့် ယနေ့မြန်မာနိုင်ငံတွင် ဓာတုပစ္စည်းပါဝင်မှုနှုန်းများသော အစားအသောက်များ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို သတိမမူမိကြဘဲ ပြည်သူအများနေ့စဉ်စားသုံးနေကြခြင်းကြောင့် ကုသရန်ခက်ခဲသော ရောဂါဝေဒနာများ ခံစားလာရခြင်းအတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံး ဖြေရှင်းမှုနည်းလမ်းအနေဖြင့် အော်ဂဲနစ်နည်းပညာကို အသုံးပြုလျက် စိုက်ပိုးထုတ်လုပ်သုံးစွဲမှု များပြားလာစေရန်ရည်ရွယ်ချက်ဖြင့် ရေးသားထားပါသည်။ မိမိကိုယ်တိုင်လည်း လက်တွေ့အသုံးချ အော်ဂဲနစ်ဆေးဖက်ဝင်စိုက်ခင်း စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ အော်ဂဲနစ်မြေသြဇာပြုလုပ်ထားပုံ၊ အော်ဂဲနစ်အဆိပ်လွတ် ပိုးသတ်ဆေး ပြုလုပ်ထားပုံ ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားပုံတို့ကို လေးနက်သည့် အကျိုးအကြောင်း တင်ပြချက်များဖြင့် ပြည့်စုံအောင် ဖော်ပြထားပါသည်။